SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

## ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေး ချိုးဖောက်မှု ထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၂ ရက်

**နောင်ချိုမြို့၊ကျောက်မဲမြို့နှင့်သီပေါမြို့များတွင် တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်လျှောက်၌ စစ်ကောင်စီ ၏ လေကြောင်းတိုက်ခိုက်မှုနှင့်လက်နက်ကြီးပစ်ခတ်မှုများကြောင့် အရပ်သား ၄၆ ဦးသေဆုံးပြီး ၃၅ ဦးဒဏ်ရာရ ကာ အဆောက်အဦး ၁၅၀ ကျော်ပျက်စီးခဲ့**

TNLA၊ MNDAA နှင့် PDF တပ်ဖွဲ့တို့၏ ၁၀၂၇ စစ်ဆင်ရေးဒုတိယပိုင်း စတင်သည့် ဇွန်လ ၁၉ ရက်နေ့မှ ဇူလိုင်လ ၄ ရက်နေ့အထိ နှစ်ပတ်တာကာလအတွင်း နောင်ချိုမြို့၊ကျောက်မဲမြို့နှင့်သီပေါမြို့များတွင် စစ်ကောင်စီ ၏ လေကြောင်းတိုက်ခိုက်မှုနှင့်လက်နက်ကြီးပစ်ခတ်မှုများကြောင့်အရပ်သား ၄၆ ဦးသေဆုံးပြီး ၃၅ ဦးဒဏ်ရာရ ကာ အဆောက် အဦး ၁၅၀ ကျော်ပျက်စီးခဲ့သည်။

၁၀၂၇ စစ်ဆင်ရေးပထမပိုင်းနှင့်အလားတူစွာ စစ်ကောင်စီသည် တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း တစ်လျှောက်ရှိမြို့များတွင် သေဆုံးထိခိုက်မှုများစေသော ပေါင် ၅၀၀ ဗုံးများ အသုံးပြုခြင်းအပါအဝင် အမြောက်နှင့် လေကြောင်းတိုက်ခိုက်မှုများကို မြို့များနှင့်ရွာများအပေါ် ပိုမို စုစည်း ပစ်မှတ်ထားလုပ်ဆောင်ခဲ့သည်။

နောင်ချိုမြို့၊ကျောက်မဲမြို့နှင့်သီပေါမြို့များတွင် တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်လျှောက်၌ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့်လက်နက်ကြီးပစ်ခတ်မှုများကြောင့် အရပ်သား ထိခိုက်သေဆုံးမှုများ (ဇွန် ၁၉-ဇူလိုင် ၄ ၂၀၂၄)



**နောင်ချိုမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား ထိခိုက်သေဆုံးမှုအချက်အလက်များ (၂၀၂၄ ဇွန် ၂၅-၃၀)**

၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် နောင်ချိုမြို့နယ်အတွင်းရှိစစ်ကောင်စီတပ်စခန်းများကို TNLA နှင့် PDF ပူးပေါင်း တပ်ဖွဲ့တို့ကဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် စစ်ကောင်စီတပ်သည် မြို့အတွင်းသို့တိုက်ရိုက် လက်နက်ကြီးများ ပစ်ခတ်ခဲ့ရာ အမျိုးသမီးနှစ်ဦးသေဆုံးကာ အမျိုးသားနှစ်ဦးဒဏ်ရာရရှိပြီး ဘူတာရပ်နှင့် ဈေးရပ်တွင်းရှိ နေအိမ် များ စွာပျက်စီးခဲ့သည်။


*စစ်ကောင်စီ၏လက်နက်ထိမှန်သော ချိုခမ်းဘုန်းကြီးကျောင်းမှသံဃာ*

ထိုနေ့၌ပင် အုမ္မသီးကျေးရွာတွင်တပ်စွဲထားသော စစ်ကောင်စီတပ် သည် တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းကိုဖြတ်ကာ ဆမ္မဆယ် ကျေးရွာဘက်သို့ လက်နက်ကြီးများပစ်ခတ်ခဲ့ရာ နေအိမ်အ များ အပြား ပျက်စီး ခဲ့သည်။ လက်နက်ကြီးတစ်လုံးသည် ပိုက်လိုင်းမှ ၈၀ မီတာသာကွာဝေးသော ချိုခမ်းဘုန်းကြီး ကျောင်း ဝင်းအတွင်း ကျရောက်ကာ သံဃာတစ်ပါး ဒဏ် ရာရရှိခဲ့ပြီး ကျောင်းအဆောက် အဦးပျက်စီးခဲ့ သည်။

ဇွန်လ ၂၆ ရက်နေ့တွင် TNLA/PDF ပူးပေါင်းတပ်ဖွဲ့ သည် စစ်ကောင် စီတပ် ခလရ ၁၁၅ တပ်စခန်းကို သိမ်း ပိုက် နိုင်ခဲ့ ပြီး မြို့တွင်းကိုထိန်း ချုပ်နိုင်ခဲ့သည်။

ဇွန်လ ၂၇ ရက်နေ့တွင် TNLA/PDF ပူးပေါင်းတပ်ဖွဲ့ သည် ခလရ ၁၁၅ အနီးရှိ စစ်ကောင်စီတပ်ခလရ ၁၁၄ နှင့် မူဆယ်-မန္တလေးလမ်းပေါ်မှမြို့၏အနောက် ဘက်ရှိ စစ်ကောင်စီတပ်၏ အုမ္မသီးကျေးရွာရှိတပ်စခန်းနှင့် အုမ္မခါးတပ်စ ခန်း တို့ကို သိမ်းပိုက်နိုင် ခဲ့သည်။

ဇွန်လ ၂၅ ရက်နေ့မှ ၃၀ ရက်နေ့အထိ စစ်ကောင်စီတပ်သည်နောင်ချိုမြို့ပေါ်ရပ်ကွက်များနှင့် မြို့အနောက်ပိုင်း ရှိ ကျေးရွာများကို လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုတို့ ဆက်တိုက်ပြုလုပ်ခဲ့ရာ နေအိမ် ၁၂ လုံးခန့် ပျက်စီးခဲ့ပြီး အရပ်သားတစ်ဦးသေဆုံးခဲ့သည်။

နောင်ချိုမြို့၊ကျောက်မဲမြို့နှင့်သီပေါမြို့များတွင် တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်လျှောက်၌ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် အရပ်သား ထိခိုက်သေဆုံးမှုများ (ဇွန် ၁၉-ဇူလိုင် ၄ ၂၀၂၄)




နောင်ချိုမြို့နယ်တွင် စစ်ကောင်စီတပ်မှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းအနီး လက်နက်ကြီးပစ်ခတ်မှု (၂၀၂၄ ဇွန် ၂၅)



| နောင်ချိုမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား ထိခိုက်သေဆုံးမှုအချက်အလက်များ (၂၀၂၄ ဇွန် ၂၅-၃၀) | | | | | | | | |
|---|---|---|---|---|---|---|---|---|
| စဥ် | ရက်စွဲ | ကျေးရွာ၊ ရပ်ကွက် | အကြောင်း အရာ | သေဆုံး | | ဒဏ်ရာရ | | ထိခိုက်ပျက်စီးမှု |
| | | | | အချက် အလက် | ဦးရေ | အချက် အလက် | ဦးရေ | |
| ၁ | ၂၅-၂၆ ၊၆၊၂၀၂၄ | ဆမ္မဆယ် ကျေးရွာ | စစ်ကောင်စီမှ လက်နက်ကြီးပစ် | | | | | နေအိမ် ၆လုံး ပျက်စီး |
| ၂ | ၂၅.၆.၂၀၂၄ | ချိုခမ်း ဘုန်းကြီးကျောင်း | စစ်ကောင်စီမှ လက်နက်ကြီးပစ် | | | သံဃာ | ၁ | ဘုန်းကြီးကျောင်း ပျက်စီး |
| ၃ | ၂၅.၆.၂၀၂၄ | ဘူတာရပ်၊ ဈေးရပ် | ညနေ ၆ နာရီတွင် စစ်ကောင်စီမှ လက်နက်ကြီးပစ် | မ | ၂ | ကျား/မ | ၂ | နေအိမ် ပျက်စီး |
| ၄ | ၂၆.၆.၂၀၂၄ | ဘူတာရပ် | မနက်၆ နာရီတွင် စစ်ကောင်စီမှ လက်နက်ကြီးပစ် | | | | | နေအိမ် ပျက်စီး |
| ၅ | ၂၉.၆.၂၀၂၄ | ကျောက်ကြမ်း၊ အုမ္မသီး၊ ခိုင်းမွန် | စစ်ကောင်စီမှ လေကြောင်း တိုက်ခိုက်မှုပြုလုပ် | | | | | နေအိမ် ၁၀ လုံး |
| ၆ | ၂၉.၆.၂၀၂၄ | ဘူတာရပ် | ည ၁၀ နာရီ တွင် စစ်ကောင်စီမှ ပေါင် ၅၀၀ ဗုံးဖြင့် လေကြောင်း တိုက်ခိုက်မှုပြုလုပ် | | | | | မီးသတ် ရုံးနှင့် အိမ်ဆယ် လုံး |
| ၇ | ၂၉.၆.၂၀၂၄ | ကံ့ကော် ကျေးရွာ | စစ်ကောင်စီမှဗုံး ၆လုံးကြဲ | | | ကျား | ၁ | ဘုန်းကြီးကျောင်း ပျက်စီး |
| ၈ | ၃၀.၆.၂၀၂၄ | ဘူတာရပ်၊ ဈေးရပ် | ည ၉နာရီ မှ ၁၀နာရီကြား တွင် စစ်ကောင် စီ လေကြောင်း မှဗုံးကြဲ အဆိပ် ခါတ်ငွေ့ဗုံးအပါ | | | | | အိမ် ၁၂ လုံးပျက်စီး ၂ အိမ်ပြာကျ |
| | | | **စုစုပေါင်း** | | ၂ | | ၄ | **အိမ် ၄၀ ကျော်** |

**ကျောက်မဲမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား ထိခိုက်သေဆုံးမှုအချက်အလက်များ (၂၀၂၄ ဇွန် ၁၉-ဇူလိုင် ၂)**

၂၀၂၄ ခုနစ် ဇွန်လ၁၉ ရက်မှ ဇူလိုင်လ ၂ ရက်နေ့အထိ SHRF မှ ကျောက်မဲမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုတို့ကြောင့်အရပ်သား ၄၄ ဦးသေဆုံးကာ ၂၅ ဦးဒဏ်ရာရရှိပြီး နေအိမ် အလုံး ၁၀၀ ကျော်ပျက်စီးခဲ့သည်ကို မှတ်တမ်းပြုစုနိုင်ခဲ့ပါသည်။ သို့သော် ဒေသခံလူမှုကူညီရေးအဖွဲ့များမှ ဇူလိုင်လအစောပိုင်းတွင် အရပ်ဝတ်ဖြင့်ရုပ်အလောင်း ၆၀ ကိုကောက်ယူခဲ့ရသော မှတ်တမ်းများ အရပ်သားထိ ခိုက်သေဆုံးမှုမှာ အမှန်တကယ်တွင်ပိုမိုများပြားနိုင်ပါသည်။

ဇွန်လ ၁၉ရက်နှင့် ၂၄ ရက်နေ့တို့တွင် စစ်ကောင်စီသည် ကျောက်မဲမြို့နယ် အနောက်မြောက်အရပ်ရှိ ကျေးရွာ ၂ ရွာကိုလေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အရပ်သား ၃ဦးထိခိုက်ခဲ့ပြီး နေအိမ်များလဲပျက်စီးခဲ့သည်။

၂၀၂၄ ဇွန်လ ၂၅ ရက် မနက် ၆နာရီခန့်မှစတင်ကာ TNLA/PDF တို့သည် ကျောက်မဲမြို့နေရာအနှံ့ရှိ စစ်ကောင်စီ တပ်စခန်းများကိုထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာမှတိုက်ပွဲများစတင်ဖြစ်ပွားခဲ့သည်။ ကျောက်မဲမြို့ ခမရ ၅၀၁၊ ၅၀၂ စစ်ကောင် စီတပ်၊ငြိမ်းချမ်းရေးကုန်း၊နားအိုက်ခန့်၊စခန်းသာရွာနှင့် လုံဂယ်ကျေးရွာတို့တွင် တိုက်ပွဲများဖြစ်ပွားခဲ့ပြီ စစ်ကောင်စီ တပ်၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ထိုနေ့၌ပင် ကျောက်မဲမြို့ ပေါ်ရှိ အရပ်သား ၈ဦးသေဆုံးကာ ၁၁ဦးဒဏ်ရာရရှိခဲ့ပြီး မြို့ပေါ်ရပ်ကွက်များမှနေအိမ်အများအပြား ပျက်စီးခဲ့သည်။

ဇွန်လ ၂၆ ရက်နေ့တွင် TNLA ပူးပေါင်းတပ်ဖွဲ့သည် ကျောက်မဲမြို့ရပ်ကွက် ၁ရှိ စစ်ကောင်စီအမြောက်တပ် ၃၅၂ နှင့် စစ်ကောင်စီတပ်များတပ်စွဲခဲ့သော ကျောက်မဲဆေးရုံ၊ရဲစခန်း၊အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် မီးသတ်ဌာနတို့ကို ထိန်းချုပ်နိုင်ခဲ့ပြီး တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ရာ စစ်ကောင်စီတပ်မှ လက်နက်ကြီးများ၊ လေကြောင်း ပစ်ကူများဖြင့် တိုက်ခိုက်ခဲ့ရာ ညနေပိုင်းတွင် အိမ်ရှေ့၌ထိုင်နေသော ပြည်သူ ၆ဦးအပါအဝင် အရပ်သား ၇ ဦးထိမှန်ကာ သေ ဆုံးခဲ့သည်။



*ကျောက်မဲမြို့တွင် စစ်ကောင်စီမှ ပေါင်၅၀၀ ဗုံးကြဲခံရသောကြောင့် ပျက်စီးသွားသောဟော်တယ်*

ဇွန်လ ၂၇ ရက်မှ၂၉ ရက်အထိ စစ်ကောင်စီ တပ်မှ ကျောက်မဲမြို့ပေါ်နှင့်အနီးတစ်ဝိုက် ရှိ ကျေး ရွာ များကို လေ ကြောင်း တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ရာ အရပ်သား ၂၁ ဦးသေ ဆုံး ပြီး ၇ ဦးဒဏ်ရာရခဲ့သည်။

ဇွန်လ ၃၀ ရက် ည ၁၁ နာရီခန့်တွင် စစ်ကောင် စီ တပ်သည် ပေါင် ၅၀၀ ဗုံး ၃ လုံးကို မြို့အ တွင်း ကြဲချခဲ့ရာ ဟော်တယ်၊ ဘုန်း ကြီးကျောင်း အပါအဝင် အနည်းဆုံး နေအိမ် ၂၀ ပျက်စီးပြီး အရပ်သား ၃ ဦးသေဆုံးကာ ၅ ဦးဒဏ်ရာရခဲ့ သည်။.

ဇူလိုင်လ ၂ရက်နေ့တွင် စစ်ကောင်စီတပ်မှ မြို့အတွင်းသို့ လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား ၄ ဦးသေ ဆုံးခဲ့သည်။

ကျောက်မဲမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့်
အရပ်သား ထိခိုက်သေဆုံးမှုများ (၂၀၂၄ ဇွန် ၁၉-ဇူလိုင် ၂)



| ကျောက်မဲမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား ထိခိုက်သေဆုံးမှုအချက်အလက်များ (၂၀၂၄ ဇွန် ၁၉-ဇူလိုင် ၂) | | | | | | | | |
|---|---|---|---|---|---|---|---|---|
| စဉ် | ရက်စွဲ | ကျေးရွာ၊ ရပ်ကွက် | အကြောင်း အရာ | သေဆုံး | | ဒဏ်ရာရ | | ထိခိုက်ပျက်စီးမှု |
| | | | | အချက် အလက် | ဦးရေ | အချက် အလက် | ဦးရေ | |
| ၁ | ၁၉.၆.၂၀၂၄ | တောင်နီရွာ | စစ်ကောင်စီမှ ညနေ၃ နာရီဝန်းကျင်တွင် ဂျက်ဖိုက်တာဖြင့် ဗုံးကြဲ | | | ၁၀ နှစ် ကလေး | ၁ | နေအိမ်၂လုံးထိခိုက်ပျက်စီး |
| ၂ | ၂၄.၆.၂၀၂၄ | ပိန်းအင်ကျေးရွာ | ညသန်းခေါင်ချိန်တွင် စစ်ကောင်စီက ပိလေကြောင်း တိုက်ခိုက်မှုပြုလုပ် | မ | ၁ | ကျား | ၁ | |
| ၃ | ၂၅.၆.၂၀၂၄ | ရပ်ကွက်(၈) | စစ်ကောင်စီမှ လက်နက်ကြီးပစ် | ကျား | ၁ | မ | ၁ | နေအိမ်များ နှင့် ဈေး ထိခိုက် ပျက်စီး |
| ၄ | ၂၆.၆.၂၀၂၄ | ရပ်ကွက်(၉) | စစ်ကောင်စီမှ လက်နက်ကြီးပစ် | မ | ၁ | | | နေအိမ်များနှင့် အဆောက် အဦး ထိခိုက် ပျက်စီးခဲ့သည် |
| ၅ | ၂၅.၆.၂၀၂၄ | ပန်ပေါင်းရွာ | မနက် ၈ နာရီတွင် စစ်ကောင် စီမှ လက်နက် ကြီးပစ်ခတ် | | | မ | ၁ | |
| ၆ | ၂၅.၆.၂၀၂၄ | လုံပိုင်ရွာ | နံနက် ၈း၃၀ ဝန်းကျင်တွင် စစ်ကောင် စီမှ လက်နက် ကြီး ပစ်ခတ် | | | မ | ၁ | |
| ၇ | ၂၅.၆.၂၀၂၄ | စခန်းသာရွာ | စစ်ကောင်စီမှ လက်နက်ကြီးပစ် | | | | | နေအိမ် ၃လုံး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၈ | ၂၅.၆.၂၀၂၄ | ဇောတိကုန်းရွာ | ညနေပိုင်းတွင် စစ်ကောင်စီမှ လက်နက်ကြီးပစ် | | | | | နေအိမ်ထိခိုက် ပျက်စီး |
| ၉ | ၂၅.၆.၂၀၂၄ | ရပ်ကွက် ၄ | စစ်ကောင်စီ မှ လေကြောင်း ဗုံးကြဲ | | | | | နေအိမ်ထိခိုက် ပျက်စီး |
| ၁၀ | ၂၅.၆.၂၀၂၄ | ရပ်ကွက် ၇ | စစ်ကောင်စီမှ လေကြောင်း ဗုံးကြဲ | | | | | နေအိမ် ထိခိုက် ပျက်စီး |
| ၁၁ | ၂၅.၆.၂၀၂၄ | နားအိုက်ခန့်ရွာ | စစ်ကောင်စီမှ လေကြောင်း ဗုံးကြဲ | | | | | နေအိမ် ထိခိုက် ပျက်စီး |
| ၁၂ | ၂၅.၆.၂၀၂၄ | နှစ်မိုင်ကုန်း (နတ်တောင်) | စစ်ကောင်စီမှ လက်နက်ကြီးပစ် | | | ကျား ၁၂ နှစ် | ၁ | |
| ၁၃ | ၂၅.၆.၂၀၂၄ | ရပ်ကွက် ၂ | စစ်ကောင်စီမှ လက်နက်ကြီးပစ် လေကြောင်းဗုံးကြဲ | | | ကျား/မ | ၆ | နေအိမ် ထိခိုက်ပျက်စီး |
| ၁၄ | ၂၅.၆.၂၀၂၄ | ငြိမ်းချမ်းရေး ကုန်း | စစ်ကောင်စီမှ လက်နက်ကြီးပစ် | | | | | ဘုန်းကြီးကျောင်း ၁လုံး ထိခိုက် ပျက်စီး |
| ၁၅ | ၂၆.၆.၂၀၂၄ | ရပ်ကွက် ၂ | နေ့လည်ပိုင်းတွင် စစ်ကောင်စီမှ လက်နက်ကြီးပစ် | ကျား/မ | ၆ | မ | ၁ | နေအိမ် ၂လုံး ထိခိုက်ပျက်စီး |
| ၁၆ | ၂၆.၆.၂၀၂၄ | ရပ်ကွက် ၁ | စစ်ကောင်စီမှ လေကြောင်းတို က်ခိုက်မှုပြုလုပ် | ကျား/မ | ၁ | | | နေအိမ် ထိခိုက် ပျက်စီး |
| ၁၇ | ၂၆.၆.၂၀၂၄ | တောင်နောက် ကျေးရွာ | စစ်ကောင်စီမှ လေကြောင်း တိုက်ခိုက်မှုပြုလုပ် | ကျား/မ | ၆ | | | နေအိမ် ထိခိုက် ပျက်စီး |
| ၁၈ | ၂၇.၆.၂၀၂၄ | အင်ကြင်းတောင် ရပ်ကွက် ၈ | စစ်ကောင်စီမှ လေကြောင်း တိုက်ခိုက်မှု ၃ကြိမ်ပြုလုပ် | သီလရှင် တပါး | ၁ | မ | ၁ | ဘုန်းကြီးကျောင်း အမိုးထိခိုက်ပျက်စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၉ | ၂၇.၆.၂၀၂၄ | ပန်ဟတ်ရွာ | စစ်ကောင်စီမှ လက်နက်ကြီးပစ် | | | | | နေအိမ် ထိခိုက်ပျက်စီး |
| ၂၀ | ၂၇.၆.၂၀၂၄ | ရပ်ကွက် ၈ | စစ်ကောင်စီမှ လေကြောင်း တိုက်ခိုက်မှုပြုလုပ် | | ၄ | | | |
| ၂၁ | ၂၇.၆.၂၀၂၄ | ရပ်ကွက် ၂ | စစ်ကောင်စီမှ လေကြောင်း တိုက်ခိုက်မှုပြုလုပ် | | ၂ | | | |
| ၂၂ | ၂၇.၆.၂၀၂၄ | ရပ်ကွက် ၁ | စစ်ကောင်စီမှ လေကြောင်း တိုက်ခိုက်မှုပြုလုပ် | | ၁ | | | |
| ၂၃ | ၂၈.၆.၂၀၂၄ | ရပ်ကွက် ၈ | ညပိုင်းတွင် စစ်ကောင်စီမှ လက်နက်ကြီးပစ် | ကျား | ၁ | | | နေအိမ် ၂ လုံးထိခိုက် ပျက်စီး |
| ၂၄ | ၂၈.၆.၂၀၂၄ | တော့ဆန် ကျေးရွာ | စစ်ကောင်စီမှ လေကြောင်း တိုက်ခိုက်မှုပြုလုပ် | | | ကျား | ၁ | နေအိမ်ထိ ခိုက်ပျက်စီး |
| ၂၅ | ၂၈.၆.၂၀၂၄ | ရပ်ကွက် ၇ | စစ်တပ်သုံး လေယာဉ် Y-၁၂ ဖြင့် ဘုန်းကြီးကျောင်းကို ဗုံးကြဲခဲ့သည် | | | | | ဘုန်းကြီးကျောင်း ၁ကျောင်း ထိခိုက်ပျက်စီး |
| ၂၆ | ၂၈.၆.၂၀၂၄ | ရပ်ကွက် ၁ အုတ်ကျင်း | စစ်ကောင်စီ မှလက်နက်ကြီးပစ် | | ၇ | | ၅ | နေအိမ်ထိ ခိုက်ပျက်စီး |
| ၂၇ | ၂၉.၆.၂၀၂၄ | ခိုမုန်းရွာ | စစ်ကောင်စီမှ လေကြောင်းတိုက်ခိုက်မှုပြုလုပ် | ကျား | ၁ | | | နေအိမ်ထိ ခိုက်ပျက်စီး |
| ၂၈ | ၂၉.၆.၂၀၂၄ | ခိုမုန်းရွာ | စစ်ကောင်စီမှ လေကြောင်း တိုက်ခိုက်မှုပြုလုပ် | မ | ၂ | | | |
| ၂၉ | ၂၉.၆.၂၀၂၄ | ရပ်ကွက် ၈ | စာသင်ကျောင်း အနီး စစ်ကောင်စီမှလက်နက်ကြီးပစ် | | | မ | ၂ | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၂၀ | ၂၀.၆.၂၀၂၄ | ရပ်ကွက် ၁၊၂၊၃ | စစ်ကောင်စီမှ ပေါင် ၅၀၀ ဗုံး ၃လုံးလေကြောင်းမှကြဲ | ကျား | ၃ | ကျား/မ | ၅ | ဟိုတယ် ၁လုံး၊ ဘုန်းကြီးကျောင်း ၁ ကျောင်းနှင့် နေအိမ် ၂၀လုံး ထိခိုက်ပျက်စီးခဲ့ |
| ၂၁ | ၂.၇.၂၀၂၄ | ရပ်ကွက် ၈ | စစ်ကောင်စီမှ လက်နက်ကြီးပစ် | မ | ၃ | | | |
| ၂၂ | ၂.၇.၂၀၂၄ | ရပ်ကွက် ၁ | စစ်ကောင်စီမှ လက်နက်ကြီးပစ် | ကျား | ၁ | | | |
| | | | **စုစုပေါင်း** | | **၄၄** | | **၂၅** | **အဆောက် အဦး ၁၀၀ ကျော်** |

**သီပေါမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား ထိခိုက် သေဆုံးမှုအချက်အလက်များ (၂၀၂၄ ဇွန် ၂၇-ဇူလိုင် ၄)**

၂၀၂၄ ခုနှစ်ဇွန်လ ၂၄ ရက်နေ့ညသန်းခေါင်ယံ၌ သီပေါမြို့နယ် အရှေ့ဘက် ၆ ကီလိုမီတာကွာဝေးစော ဆွတ်လန်းကျေးရွာ သို့ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLAတပ်ဖွဲ့များ ဝင်ရောက်လာခဲ့သည်။ ဇွန်လ ၂၅ ရက်နေ့မနက်ပိုင်းတွင် သီပေါမြို့ ဒုဋ္ဌဝတီမြစ်ကူးတံတားအနီးတွင် တပ်စွဲထားသော စစ်ကောင်စီတပ်မှ ဆွတ်လန်းကျေးရွာ ဘက်သို့ လက်နက်ကြီးများဖြင့်စတင်ပစ်ခတ်ရာမှ သီပေါမြို့နယ်အတွင်းတိုက်ပွဲများစတင်ဖြစ်ပွားခဲ့သည်။

ထို့နောက် ဇွန်လ ၂၅ ရက်နေ့ညပိုင်းမှစတင်ကာ ၂၇ရက်နေ့အထိ တိုက်ပွဲကြီးကြီးမားမားမရှိဘဲ စစ်ကောင်စီ တပ်များ တပ်စွဲထားသော ဒုဋ္ဌဝတီမြစ်ကူးတံတားအနီးရှိတပ်စခန်းနှင့်ခလရ ၂၃ တပ်များဘက်မှနေ၍ TNLA တပ်ဖွဲ့ဝင်များရှိရာ ဆွတ်လန်းကျေးရွာဘက်သို့ လက်နက်ကြီးဆက်တိုက်ပစ်ခတ်ခဲ့သည်။

ဇွန်လ ၂၇ ရက်နေ့ညနေ ၃နာရီခွဲဝန်းကျင်တွင် ဒုဋ္ဌဝတီမြစ်ကူးတံတားအနီးရှိတပ်စခန်းမှ ပစ်လိုက်သောလက်နက်ကြီးသည် TNLA တပ်ဖွဲ့ဝင်များမရှိသော သီပေါမြို့ပန်းတိမ်တောင်ရပ်ကွက်အတွင်းသို့ကျရောက်ခဲ့ပြီး အရပ်သားနေအိမ်တလုံးထိခိုက်ပျက်စီးခဲ့သည်။

ဇွန်လ ၂၉ ရက်နေ့တွင် သီပေါမြို့နယ်အရှေ့ဘက်ကီလိုမီတာ ၃၀ ကွာဝေးသော မူဆယ်-မန္တလေးလမ်းမပေါ်ရှိ စဥ့်အင်ကျေးရွာသို့ MNDAA တပ်ဖွဲ့ဝင်များရောက်ရှိလာခဲ့သည်။ထို့နောက်၎င်းတို့သည် အနောက်ဘက်သို့ ဆက်လက် ထွက်ခွာခဲ့သည်။

ဇူလိုင်လ ၁ ရက်နေ့ညပိုင်း ၇နာရီဝန်းကျင်တွင် သီပေါမြို့နယ် စံဖိတ်ကျေးရွာအုပ်စု စံလှိုင်ရွာအနီးတွင် TNLA/PDF ပူးပေါင်းတပ်ဖွဲ့နှင့်စစ်ကောင်စီတပ်တို့ တိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် စစ်ကောင်စီတပ်မှ လေကြောင်းမှ ဗုံးကြဲတိုက် ခိုက်ခဲ့ရာ အရပ်သား ၅ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၂လုံးပျက်စီးခဲ့သည်။

ဇူလိုင်လ ၄ ရက်နေ့ညပိုင်းတွင် TNLA/MNDAAပူးပေါင်းတပ်ဖွဲ့သည် ဒုဋ္ဌဝတီမြစ်ကူးတံတားအနီးရှိ စစ်ကောင်စီတပ်စခန်းကို လာရောက်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့သည်။ ထိုနေ့ည ၈နာရီဝန်းကျင်ခန့်တွင် စစ်ကောင်စီတပ်ခမရ ၂၃ မှပစ်လိုက်သောလက်နက်ကြီးသည် ပန်းတိမ်တောင်ရပ်ကွက် အတွင်းသို့ ကျရောက်ခဲ့ပြီး အရပ်သားတစ်ဦး ထိမှန်ဒဏ်ရာရကာ နေအိမ် ၃လုံးပျက်စီးခဲ့သည်။

**သီပေါမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား ထိခိုက်သေဆုံးမှုများ (၂၀၂၄ ဇွန် ၂၇-ဇူလိုင် ၄)**




| သီပေါမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သား ထိခိုက်သေဆုံးမှု အချက်အလက်များ (၂၀၂၄ ဇွန် ၂၇-ဇူလိုင် ၄) | | | | | | | | |
|---|---|---|---|---|---|---|---|---|
| စဉ် | ရက်စွဲ | ကျေးရွာ၊ ရပ်ကွက် | အကြောင်း အရာ | သေဆုံး | | ဒဏ်ရာရ | | ထိခိုက်ပျက်စီးမှု |
| | | | | အချက်အလက် | ဦးရေ | အချက်အလက် | ဦးရေ | |
| ၁ | ၂၇.၆.၂၀၂၄ | ပန်းတိမ်တောင် ရပ်ကွက် | ညနေ ၃ နာရီခွဲခန့်တွင် စစ်ကောင်စီမှ လက်နက်ကြီးပစ် | | | | | နေအိမ်ပျက်စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၂ | ၂.၇.၂၀၂၄ | စံလှိုင်ရွာ | ညအချိန်တိုက် ပွဲတွင် စစ်ကောင်စီမှ လေကြောင်းဗုံးကြဲ | | | ကျား၂ မ ၃ | ၅ | နေအိမ် ၂ လုံးပျက်စီး |
| ၃ | ၄.၇.၂၀၂၄ | ပန်းတိမ်တောင် ရပ်ကွက် | ည ၇ နာရီခွဲခန့်တွင် စစ်ကောင်စီမှ လက်နက်ကြီးပစ် | | | ကျား | ၁ | နေအိမ် ၃ လုံးထိခိုက် |
| | | | **စုစုပေါင်း** | | | | **၆** | **နေအိမ် ၆လုံး ပျက်စီး** |

**ဆက်သွယ်ရန်**


စိုင်းဟော်ရှဲန်　　၆၆ ၉၉ ၂၄၆ ၅၆၇၃/ +၆၆ ၉၄ ၇၂၈ ၆၆၉၆　　Signal (ရှမ်း, အင်္ဂလိပ်)

ယိင်းလျန်းဟန်　　၆၆ ၉၉ ၂၈၉ ၆၀၈၀　　Signal (မြန်မာ)